# Third Sunday of Lent - Year A

## ဝါတွင်းတတိယတနင်္ဂနွေနေ့။

**ပဌမကျမ်း။**

**"ကျွန်ုပ်တို့အားသောက်ရန်ရေပေးလော့"။**

*ထွက်မြောက်ရာကျမ်း- ၁၇၊ (၃း၇)*

လူများတို့သည် ရေငတ်၍မိုးဇယ်အားအပြစ်တင်မြည်တမ်းလျက် အဘယ်ကြောင့်ကျွန်ုပ်တို့ကို အီဂျစ်ပြည်မှ ခေါ်ဆောင်ခဲ့သနည်း။ ကျွန်ုပ်တို့မှစ၍ သားသမီးများ၊ တိရစ္ဆာန်များတို့သည် ရေငတ်၍ သေကြရန် ဖြစ်ပါသလောဟု ဆိုကြကုန်၏။ ထိုအခါ မိုးဇယ်သည်သခင်ဘုရားအားအသနားခံ၍ ဤလူတို့အား ကျွန်ုပ်သည် အဘယ်သို့ပြုရပါအံ့နည်း။ များမကြာမီသူတို့သည် ကျွန်ုပ်ကို ခဲနှင့်ပေါက်ကြပါတော့မည်။ ဘုရားက မိုးဇယ်အား အစ္စရေးလူကြီးအချို့ကိုခေါ်၍ လူများရှေ့သို့သွားလော့။ မြစ်ကိုသင်ရိုက်ခဲ့သော လှံတံကိုကိုင်၍ သွားလော့။ ဟောရက်ဟုခေါ်သောအရပ်ရှိ ကျောက်ဆောင်ပေါ်တွင်သင့်ရှေ့၌ငါရပ်မည်။ သင်သည် ထိုကျောက်ဆောင်ကို ရိုက်ရမည်။ လူများသောက်ရန် ထိုကျောက်ထဲမှ ရေထွက်လာလိမ့်မည်ဟု မိုးဇယ်အားမိန့်တော်မူ၏။ မိုးဇယ်သည်လည်း အစ္စရေးလူကြီးများ ရှေ့၌ဤအတိုင်းပြု၏။ အစ္စရေးသားများသည်ညည်းညူကြသောကြောင့်လည်းကောင်း၊ သခင်ဘုရားသည် ကျွန်ုပ်တို့နှင့် ရှိသလောဟု သခင်ဘုရားကို စုံစမ်းသောကြောင့်လည်းကောင်း၊ ထိုအရပ်သည် မတ်ဆာမေရိဘာဟု အမည်တွင်ခဲ့သတည်း။

*ဤသည်ကားဘုရားသခင်၏နှုတ်ကပါဌ်တော်ပေတည်း။*

**ဆာလံသီချင်းကျူးခြင်း။**

ဆာလံ-၉၄၊

သံပြိုင်။ ။ယနေ့သင်တို့သည် သခင်ဘုရား၏အသံကိုကြားသောအခါ သင်တို့၏နှလုံးများကို တင်းမာ၍ မထားကြလေနှင့်။

- လာကြလော့၊ သခင်ဘုရားအားရွှင်လန်းစွာတေးဆိုကြကုန်အံ့၊ ကျွန်ုပ်တို့၏ ကယ်တင်ရှင်အား ကျူးကြေကုန်အံ့။ ကျေးဇူးတင်လျက် ကိုယ်တော်၏ရှေ့တော်သို့ဝင်ကြကုန်အံ့။ သီချင်းများဖြင့် ကိုယ်တော်အား ကျူးကြေကြစို့။ (သံပြိုင်)
- လာကြလော့၊ ပျပ်ဝပ်ကြလျက်ကိုးကွယ်ကြစို့၊ ကျွန်ုပ်တို့ကိုဖန်ဆင်းတော်မူသော သခင်ဘုရား ရှေ့တော်၌ ဒူးထောက်ကြစို့။ အကြောင်းမူကား ကိုယ်တော်သည်ကျွန်ုပ်တို့၏ဘုရားသခင်ဖြစ်တော်မူ၍ ကျွန်ုပ်တို့သည် ကိုယ်တော်၏စားကျက်တွင်ကျက်စားသူများကိုယ်တော်၏လက်တွင်ရှိသော သိုးစုဖြစ်ကြ၏။ (သံပြိုင်)
- ယနေ့သင်တို့သည် ကိုယ်တော်၏အသံကိုကြားသောအခါ သင်တို့၏နှလုံးများကို တင်းမာ၍ မထားကြလေနှင့်။ သင်တို့၏ဘိုးဘေးများတို့သည် သဲကန္တာရတွင် မတ်ဆာမေရိဘာ၌ ငါ၏ လုပ်ဆောင်ချက်များကို တွေ့မြင်ကြရသော်လည်း ငါ့ကိုစုံစမ်းကြသကဲ့သို့ သင်တို့၏နှလုံးများကို တင်းမာမထားကြလေနှင့်။ (သံပြိုင်)

ဒုတိယကျမ်း။

**"ဘုရားသခင်သည် မိမိ၏ချစ်ခြင်းမေတ္တာတော်ကို၊ ကျွန်ုပ်တို့အားပေးသနားတော်မူသော သန့်ရှင်းသောဝိညာဉ်တော်အားဖြင့် ကျွန်ုပ်တို့၏စိတ်နှလုံးထဲသို့ သွန်းလောင်းတော်မူသည်။"**

*မွန်မြတ်သောတပည့်တော်ကြီးသံပေါလူး ရောမားမြို့သားတို့ထံရေးသောစာ။ (၅၊ ၁-၂ နှင့် ၅-၈ အထိ)*

ညီအစ်ကိုတို့။

ကျွန်ုပ်တို့သည်ယုံကြည်ကြသောကြောင့် ဖြောင့်မတ်ခြင်းကျေးဇူးတော်ကိုရကြလျက် ကျွန်ုပ်တို့သခင်ယေဇူးခရစ္စတူးအားဖြင့် ဘုရားသခင်နှင့်ပြန်လည်ကျေအေးသင့်မြတ်ကြရသည်။ ထိုခရစ္စတူးကိုအမှီပြု၍ ယုံကြည်ခြင်းရှိကြသောကြောင့် ထိုကျေးဇူးတော်ကို ရကြသည်သာမက၊ ဘုရားသခင်၏ သားသမီးတို့ရအံ့သောထာဝရချမ်းသာကို မျှော်လင့်ကြလျက်၊ ထိုကျေးဇူးတော်၌ တည်နေနိုင်ကြသောကြောင့် ဝမ်းမြောက်စွာဂုဏ်ယူကြသည်။ ထိုမျှော်လင့်ခြင်းသည် ကျွန်ုပ်တို့စိတ်ကို လှည့်စားသည်မဟုတ်။ အဘယ်ကြောင့်ဆိုသော်ဘုရားသခင်သည် မိမိ၏ချစ်ခြင်း မေတ္တာတော်ကို ကျွန်ုပ်တို့အားပေးသနားတော်မူသောသန့်ရှင်းသော ဝိညာဉ်တော်အားဖြင့် ကျွန်ုပ်တို့၏စိတ်နှလုံးထဲသို့ သွန်းလောင်းတော်မူသည်။ ကျွန်ုပ်တို့သည်ခိုကိုးရာမဲ့ဖြစ်နေကြစဉ်၊ သတ်မှတ်ထားသောအချိန်၌ ခရစ္စတူးသခင်သည် အပြစ်ရှိသူတို့အတွက် အသေခံတော်မူသည်။ သစ္စာသမ္မာဓိရှိသောသူကောင်းတစ်ယောက်အတွက်ပင် အသေခံမည့်သူရှိခဲလှ၏။ ဖြောင့်မတ်သောသူကောင်းတစ် ယောက်အတွက်အသေခံဝံ့သူရှိကောင်းရှိမည်ဖြစ်သော်လည်း ကျွန်ုပ်တို့သည် အပြစ်ထဲ၌ရှိနေကြစဉ် သတ်မှတ်ထားသောအချိန်၌ ခရစ္စတူးသခင်သည် ကျွန်ုပ်တို့အတွက် အသေခံတော်မူခြင်းဖြင့် ဘုရားသခင်သည် ကျွန်ုပ်တို့ကိုမည်မျှချစ်တော်မူကြောင်း သက်သေပြတော်မူသည်။

***ဤသည်ကားဘုရားသခင်၏နှုတ်ကပါဋ်တော်ပေတည်း။***

**ဧဝံဂေလိကျမ်းမဖတ်မီကြွေးကြော်သံ။ (ယောဟန် ၄း၁၅ )။**

အိုသခင်ကိုယ်တော်သည် လောက၏ကယ်တင်ရှင်အမှန်စင်စစ်ဖြစ်တော်မူ၏။ ကျွန်ုပ်သည် ရေမငတ်ရလေအောင် အသက်ရေကိုကျွန်ုပ်အားပေးတော်မူပါ။

**ဧဝံဂေလိကျမ်း။**

## “ထာဝရအသက်ရှင်ခြင်း အဖို့ထွက်သောစမ်းရေဖြစ်လိမ့်မည်။”

*သံယောဟန်ရေးထားသောသန့်ရှင်းသောဧဝံဂေလိကျမ်း။ (၄၊ ၅မှ၄၂ အထိ)*

ထိုကာလ၌သခင်ယေရှုသည် ယာကုပ်ကမိမိသားယောသပ်အားပေးသောမြေကွက်အနီးရှိ စိခါးရ်ဟုခေါ်သော ဆာမာရိနယ်မြို့တစ်မြို့သို့ရောက်တော်မူ၏။ ထိုနေရာ၌ ယာကုပ်၏ရေတွင်းရှိ၏။ ယေရှုသည်လည်း ခရီးမောပန်းသောကြောင့် ထိုရေတွင်းနားမှာထိုင်တော်မူ၏။ အချိန်သည်ခြောက်နာရီလောက်ရှိ၏။ ဆာမာရိ မိန်းမတစ်ဦးသည် ရေခပ်ခြင်းငှါလာ၍ ယေရှုက ငါ့အားသောက်ရန် ပေးပါဟုသူ့အားမိန့်တော်မူ၏။ (အကြောင်းမူကား တပည့်တော်တို့သည် အစာဝယ်အံ့သောငှါ မြို့ထဲသို့သွားကြ၏။) ထိုဆာမာရိ မိန်းမကလည်း၊ သင်သည် ဂျူးဒေဦးဖြစ်လျက် ဆာမာရိတန်ဖြစ်သောကျွန်ုပ်ကိုအဘယ်ကြောင့် သောက်ဖို့တောင်းသနည်းဟု ကိုယ်တော်အားဆို၏။ အကြောင်းမူကားဂျူးဒေဦးတို့သည် ဆာမာရိလူတို့နှင့်ပေါင်းဖေါ်ခြင်း မပြုကြသတည်း။ ယေရှုကဘုရားသခင် ကျေးဇူးတော်ကိုလည်းကောင်း၊ ငါ့သောက်ဖို့ ပေးပါဟုသင့်အားဆိုသောသူ အဘယ်သူဖြစ်သည်ကိုလည်းကောင်း၊ သင်သိပါလျှင် ထိုသူထံမှသင်သည် တောင်းကောင်းတောင်းလိမ့်မည်။ ထိုသူသည်လည်း အသက်ရေကို သင့်အားပေးလိမ့်မည်ဟု ပြန်ပြော၍ မိန့်တော်မူ၏။ ထိုမိန်းမက ကိုယ်တော်အားဆိုသည်ကား သခင်၌ ရေခပ်စရာလည်းမရှိ ရေတွင်းလည်းနက်၏။ သို့ဖြစ်လျှင် အသက်ရေကိုအဘယ်ကရပါမည်နည်း။ သခင်သည် ကျွန်ုပ်တို့အဖယာကုပ်ထက်ကြီးမြတ်သလော။ သူသည်ဤရေတွင်းကို ကျွန်ုပ်တို့အားပေး၍ သူ့ကိုယ်တိုင်မှစ၍ သူ၏သားများ၊ သူ၏သိုးနွားများတို့သည် ထိုတွင်းမှသောက်ရ၏။ ယေရှုကလည်းပြန်ပြော၍ မိန့်တော်မူသည်မှာ ဤရေကိုသောက်သောသူသည် တစ်ဖန်ငတ်လိမ့်ဦးမည်။ ငါပေးအံ့သော ရေကိုသောက်သောသူမူကား ရေငတ်ခြင်းနှင့်အစဉ်မပြတ် ကင်းလွတ်လိမ့်မည်။ ငါပေးလတ္တံ့သောရေသည်ကား ထိုသူ၌ထာဝရအသက်ရှင်ခြင်း အဖို့ထွက်သောစမ်းရေဖြစ်လိမ့်မည်။ မိန်းမကလည်း သခင်အကျွန်ုပ်သည် ရေမငတ်ရအောင် လည်းကောင်း၊ ရေခပ်ခြင်းငှါလည်း ဤနေရာသို့မလာရအောင်လည်းကောင်း၊ ထိုရေကိုကျွန်ုပ်အား ပေးတော်မူပါဟုလျှောက်လျှင်၊ ယေရှုကသင်သွားလော့၊ သင်၏လင်ကိုခေါ်၍သည်ကိုလာလော့ဟုသူ့အား မိန့်တော်မူ၏။ မိန်းမက ကျွန်ုပ်၌လင်မရှိပါဟုပြန်ပြော၍လျှောက်လျှင် ယေရှုကသူ့အားမိန့်တော်မူသည်မှာ လင်မရှိဟုသင်ဆိုသော စကားသည်မှန်၏။ အကြောင်းမူကားသင်၌လင်ငါးယောက်ရှိဖူးလေပြီ။ ယခုသင်နှင့်နေသောသူသည်လည်း သင်၏လင်မဟုတ်။ သင်ပြောသောဤစကားသည်မှန်၏။ မိန်းမက၊ သခင်ကိုယ်တော်သည် ပရောဖက်ဖြစ်သည်ကို ကျွန်ုပ်ရိပ်မိပါ၏။ ကျွန်ုပ်တို့ဘိုးဘေးတို့သည် ဤတောင်ပေါ်၌ ကိုးကွယ်လေ့ရှိကြ၏။ သင်တို့သည်ကား ဂျေရုဇလင်မြို့၌ ကိုးကွယ်ရသောနေရာဖြစ်သည်ကိုဆိုတတ်ကြသည်ဟု လျှောက်လျှင် ယေရှုကအချင်းမိန်းမ ငါ့ကိုယုံလော့၊ ခမည်းတော်ကိုဤတောင်ပေါ်၌လည်းမဟုတ်၊ ဂျေရုဇလင်မြို့၌လည်းမဟုတ်၊ သင်တို့သည်ကိုးကွယ်ရမည့် အချိန်ရောက်လာပြီ။ သင်တို့သည် ကိုယ်မသိသောအရာကို ကိုးကွယ်ကြ၏။ ငါတို့သည်ကိုယ်သိ သောအရာကို ကိုးကွယ်ကြ၏။ အကြောင်းမူကား ကယ်တင်ခြင်းသည် ဂျူးဒေဦးမှဖြစ်လာ၏။ သို့ရာတွင် ဟုတ်မှန်စွာ ကိုးကွယ်သော သူတို့သည် ခမည်းတော်ကိုစိတ်ဝိညာဉ်အားဖြင့်လည်းကောင်း၊ သစ္စာတရားဖြင့် လည်းကောင်း ကိုးကွယ်ရမည့်အချိန်ကာလ ယခုပင်ရောက်၏။ အကြောင်းမူကား ထိုသို့ ကိုယ်တော်ကို ကိုးကွယ်သောသူတို့ကို ခမည်းတော်သည် အလိုတော်ရှိ၏။

ဘုရားသခင်သည် ဝိညာဉ်တော်ဖြစ်တော်မူ၏။ ကိုယ်တော်ကို ကိုးကွယ်သောသူတို့သည်လည်း ဝိညာဉ်ဖြင့်လည်းကောင်း၊ သစ္စာတရားဖြင့်လည်းကောင်း ကိုးကွယ်ရသည်ဟု မိန့်တော်မူ၏။ မိန်းမကလည်း ခရစ္စတူးဟုခေါ်သော မက်ဆီယား ကြွလာသည်ကို ကျွန်ုပ်သိပါသည်။ သို့ဖြစ်၍ သူသည် ရောက်တော်မူသောအခါ ခပ်သိမ်းသောအရာကို ကျွန်ုပ်တို့အားဟောကြားတော်မူလိမ့်မည်ဟု ကိုယ်တော်အားလျှောက်၏။ ယေရှုကသင်နှင့်စကားပြောသောငါသည် ထိုသူပေတည်းဟုမိန့်တော်မူ၏။ ထိုခဏ၌ တပည့်တော်တို့သည် ရောက်လာကြ၍ ထိုမိန်းမနှင့် ကိုယ်တော်စကားပြောသည်ကို အံ့ဩခြင်းရှိကြ၏။ သို့ပင်သော်လည်း အဘယ်အရာကိုမေးတော်မူသနည်း။ သူနှင့်အဘယ်စကားပြောတော်မူသနည်းဟုသူတို့တွင် အဘယ်သူမျှမလျှောက်ပါ။ မိန်းမသည်လည်းမိမိရေအိုးကိုထားခဲ့ပြီးမှ မြို့ထဲသို့သွား၍ လူများတို့အားဆိုသည်ကား အကျွန်ုပ်ပြုဖူးသမျှကို ကျွန်ုပ်အားပြောသောလူကိုလာ၍ ကြည့်ကြပါ၊ သူသည်ခရစ္စတူးပင်ဖြစ်မည်လော။ သူတို့သည်မြို့ထဲမှထွက်၍ အထံတော်သို့လာကြ၏။ ထိုအတွင်းတွင်တပည့်တော်တို့က ရာဗိစားတော်မူပါဟုဆို၍ တောင်းပန်ကြလျှင် ကိုယ်တော်ကသင်တို့မသိသောအစာကို ငါ၌စားဖို့ရှိ၏ဟုသူတို့အား မိန့်တော်မူ၏။ ထို့ကြောင့်တပည့်တော်တို့က တစ်စုံတစ်ယောက်သောသူသည် သူစားဖို့ရန်ပို့လာပြီလော ဟုအချင်းချင်းဆိုကြလျှင်

ယေရှုက သူတို့အား မိန့်တော်မူသည်မှာ ငါ့ကိုစေလွှတ်တော်မူသောသူ၏အမှုကို ပြီးစီးစေခြင်းငှာ ကိုယ်တော်၏အလိုတော်ကို ဆောင်ရွက်ခြင်းသည် ငါ၏အစာဖြစ်သတည်း။ ယခုလေးလလွန်လျက် စပါးရိတ်ချိန်ရောက်လိမ့်မည်ဟု သင်တို့ဆိုတတ်ကြသည်မဟုတ်လော။ သင်တို့အား ငါဆိုသည်ကား စပါးရိတ်ရန်လယ်များသည် ယခုပင်ဝါဝင်းနေသည်ကို မျှော်၍ကြည့်ကြလော့။ မျိုးစေ့ကြဲသောသူနှင့် စပါးရိတ်သောသူသည် အတူ ဝမ်းမြောက်ကြရမည့်အကြောင်း စပါးရိတ်သောသူသည် အခကိုခံ၍ ထာဝရအသက်ဖို့အသီးအနှံကိုစုသိမ်း၏။ အကြောင်းမူကားမျိုးစေ့ကြဲသောသူသည် တစ်ဦး၊ စပါးရိတ်သောသူသည် တစ်ဦးဟုဆိုလေ့ရှိသောစကားသည် ဤအရာ၌အမှန်ကျသတည်း။ သင်တို့မလုပ်ရသော အရာရိတ်စေခြင်းငှာ ငါသည်သင်တို့ကိုစေလွှတ်၏။ အခြားသောသူတို့သည်လုပ်ကြသဖြင့် သူတို့၏အလုပ်ထဲ၌ သင်တို့သည်ဝင်ရကြ၏။ ကျွန်ုပ်ပြုဖူးသမျှကို ကျွန်ုပ်အားသူပြောသည်ဟုသက်သေခံလေသော မိန်းမ၏စကားကြောင့် ထိုမြို့ထဲကအများသော ဆာမာရီလူတို့သည် ကိုယ်တော်ကို ယုံကြည်ကြ၏။ သို့ဖြစ်၍ ဆာမာရီလူတို့သည် အထံတော်သို့ ရောက်ကြသောအခါ ကိုယ်တော်သည် ထိုအရပ်၌နေပါမည့်အကြောင်း လျှောက်တောင်းပန်ကြ၏။ ကိုယ်တော်သည်လည်း ထိုအရပ်မှာ နှစ်ရက်နေတော်မူ၏။ ကိုယ်တော်၏ နှုတ်ကပါဌ်တော်ကြောင့် သာ၍များသောသူတို့သည်လည်း ကိုယ်တော်ကိုယုံကြည်ကြသည်ဖြစ်၍ မိန်းမအား ဆိုကြသည်ကား ယခုမှာ သင်၏စကားကြောင့်ငါတို့ယုံကြည်သည်မဟုတ်။ ငါတို့ကိုယ်တိုင်သူ့ကို ကြားရသည်ဖြစ်၍ သူသည်ဤလောကကို ကယ်တင်တော်မူသောသခင် စင်စစ်ဖြစ်သည်ကို ငါတို့သိ၏။

*ဤသည်ကားဘုရားသခင်၏နှုတ်ကပါဌ်တော်ပေတည်း။*